09222020

## “ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်ထမ်းအား တွေ့ဆုံဆက်သွယ်ရသည့် အခြေအနေများ”

### နိဒါန်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေရန် အခွန်ငွေများ ကောက်ခံပေးလျက်ရှိပါသည်။ အခွန်ဘဏ္ဍာများ ကောင်းမွန်စွာကောက်ခံရရှိနိုင်ရန်မှာ အခွန်ထမ်းပြည်သူများမှ အခွန်ဥပဒေများနှင့် အခွန်ကောက်ခံရသည့်ရည်ရွယ်ချက်များအား သိရှိနားလည်လျက် ပြည်တွင်းအခွန်များဦးစီးဌာနနှင့်ပူးပေါင်း၍ လိုက်နာဆောင်ရွက်မှုအပေါ် မူတည်နေပါသည်။ ထိုသို့လိုက်နာဆောင်ရွက်နိုင်စေရန်နှင့် အခွန်ကောက်ခံမှုလုပ်ငန်းများကို အထောက်အကူဖြစ်စေရန်အတွက် ပြည်တွင်းအခွန်များဦးစီးဌာန၏ website ဖြစ်သော www.ird.gov.mm နှင့် ဌာန၏တရားဝင် Facebook Page တို့တွင်လည်းကောင်း၊ စာအုပ်ငယ်များနှင့် လက်ကမ်းစာစောင်များဖြန့်ဝေ၍လည်းကောင်း၊ အခွန်ဆိုင်ရာ ပညာပေးဆွေးနွေးပွဲများ၊ အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး၊ အခွန်ဆိုင်ရာ ဝန်ဆောင်မှုရုံးများနှင့် သက်ဆိုင်ရာအခွန်ရုံးများမှတဆင့် ပံ့ပိုးကူညီ၍လည်းကောင်း ဝန်ဆောင်မှုများပေးလျက်ရှိသကဲ့သို့ အခွန်ထမ်းများထံမှလည်း ၎င်းတို့၏စီးပွားရေးလုပ်ငန်းများ၊ အခွန်ပေးဆောင်မှုအခြေအနေများနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို အခါအားလျော်စွာ တောင်းယူခြင်းများ ဆောင်ရွက်ရပါသည်။

### ရည်ရွယ်ချက်

၂။ စာစောင်၏ ရည်ရွယ်ချက်မှာ ပြည်တွင်းအခွန်များဦးစီးဌာနက အခွန်ထမ်းပြည်သူများအား အကြောင်းကြားခေါ်ယူတွေ့ဆုံခြင်း သို့မဟုတ် လုပ်ငန်းတည်ရှိရာသို့ ကွင်းဆင်းစစ်ဆေးခြင်းများဆောင်ရွက်ရသည့်အကြောင်းရင်းများကို ရှင်းလင်းအသိပေးရန် ဖြစ်ပါသည်။

### ပြည်တွင်းအခွန်များဦးစီးဌာန၏ အခန်းကဏ္ဍ

၃။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ထမ်းများအား အခွန်ကြေညာလွှာများ တင်သွင်းခြင်းနှင့် ပေးဆောင်ထိုက်သည့်အခွန်အရပ်ရပ်ကို ပေးဆောင်စေခြင်း အစရှိသည့် အခွန်နှင့်ပတ်သက်၍ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများကို အမှန်တကယ်သိရှိလိုက်နာစေရန် ကူညီဆောင်ရွက်ပေးနေသည်သာမက လိုအပ်လျှင် လုပ်ငန်းများကို ကွင်းဆင်း၍ အခွန်စာရင်းစစ်ဆေးခြင်းကဲ့သို့သော စိစစ်အတည်ပြုသည့်လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းများနှင့်အပြန်အလှန်ဆက်သွယ်ရသည့် သို့မဟုတ် ကွင်းဆင်းလေ့လာတွေ့ဆုံခြင်းများ ပြုလုပ်ရသည့်အကြောင်းအရင်းများစွာရှိနေပြီး

အခွန်ထမ်းများအနေဖြင့်လည်း ထိုကွင်းဆင်းလေ့လာတွေ့ဆုံခြင်းများ ပြုလုပ်ရသည့်အကြောင်းအရင်းများကို နားလည်သဘောပေါက်ထားပါက နှစ်ဦးနှစ်ဖက်အတွက် ပိုမိုအထောက်အကူ ဖြစ်စေပါမည်။

## ပြည်တွင်းအခွန်များဦးစီးဌာန၏ အကြောင်းကြားဆက်သွယ်မှုနှင့် ကွင်းဆင်းလေ့လာတွေ့ဆုံခြင်း

၅။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ထမ်းအား အောက်ပါအခြေအနေများတွင် အကြောင်းကြား ဆက်သွယ်နိုင်ပါသည် -

(က) ကုန်သွယ်လုပ်ငန်းခွန်ဥပဒေ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ဂ)နှင့် အထူးကုန်စည်ခွန်ဥပဒေပုဒ်မ ၁၅၊ ပုဒ်မခွဲ (ခ) တို့အရ မှတ်ပုံတင်ရန် သို့မဟုတ် သက်တမ်းတိုးရန်ပျက်ကွက်ခြင်းအတွက် လျှောက်လွှာတင်သွင်းရန် အကြောင်းကြားခြင်း၊

( ခ ) အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (စ) အရ အခွန်ကြေညာလွှာပေးပို့ရန် အကြောင်းကြားခြင်း၊

( ဂ ) အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၃၁ အရ အခွန်စည်းကြပ်မှုအကြောင်းကြားခြင်း၊

(ဃ) အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၄၀ အရ သတ်မှတ်ထားသည့်ကာလအတွင်း အခွန်ပေးဆောင်ရန် အကြောင်းကြားခြင်း၊

( င ) အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၂၆ အရ သတင်းအချက်အလက်အထောက်အထား တင်ပြရန် သို့မဟုတ် စစ်ဆေးရန် အကြာင်းကြားခြင်း၊

( စ ) အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၄၃ အရ ပြန်အမ်းငွေပေါ်ပေါက်ကြောင်း အကြောင်းကြားခြင်း၊

(ဆ) အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၃၇၊ ပုဒ်မခွဲ(ခ)အရ အာမခံတင်သွင်းရန် အကြောင်းကြားခြင်း၊

(ဇ) အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၃၄၊ ပုဒ်မခွဲ (ဂ) အရ အခွန်ထမ်း၏စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်းသည့် ဆုံးဖြတ်ချက်အား အခွန်ထမ်းထံအကြောင်းကြားခြင်းနှင့် အခွန်ထမ်း၏စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားချက်ကို စဉ်းစားသုံးသပ်ဆုံးဖြတ်နိုင်ရေး လိုအပ်ပါက အခွန်ထမ်းတင်ပြသည့် အသေးစိတ်အကြောင်းပြချက်များနှင့်စပ်လျဉ်း၍ တောင်းခံမေးမြန်းခြင်း၊

(ဈ) အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၂၄၊ ပုဒ်မခွဲ (က) အရ အခွန်ကြေညာလွှာ တင်သွင်းရမည့်ရက် တိုးမြှင့်သတ်မှတ်ပေးရန် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ အကြောင်းပြန်ကြားခြင်း၊

(ည) အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၄၄၊ ပုဒ်မခွဲ (ဂ)အရ အခွန်ပေးဆောင်ရမည့်ရက် တိုးမြှင့်ပေးရန် လျှောက်ထားချက်အပေါ် အကြောင်းပြန်ကြားခြင်း၊

(ဋ) အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၆၄၊ ပုဒ်မခွဲ (စ) အရ ဒဏ်ကြေးငွေစည်းကြပ်မှု အကြောင်းကြားခြင်း။

၆။ ပြည်တွင်းအခွန်များဦးစီးဌာနသည်အခွန်ထမ်းထံသို့ အောက်ပါအခြေအနေများတွင် ကွင်းဆင်း လေ့လာမှုပြုလုပ်နိုင်ပါသည် -

(က) **အခွန်ဆိုင်ရာ အကြံပေးဆွေးနွေးရန် ကွင်းဆင်းလေ့လာတွေ့ဆုံခြင်း။** ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ထမ်းများအား အခွန်ဥပဒေပါအချက်အလက်များကို သိရှိနားလည်စေရန် အကူအညီပေးသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အခွန်ဌာနမှ အခွန်ထမ်းများထံ အခါအားလျော်စွာ ကွင်းဆင်းတွေ့ဆုံသွားမည်ဖြစ်ပြီး အခွန်ထမ်းများနှင့် အခွန်ဆိုင်ရာတာဝန်ဝတ္တရားများ ဆွေးနွေးနိုင်ရန်နှင့် အခွန်နှင့်ပတ်သက်၍ မသိနားမလည်သည်များကို ရှင်းလင်းစွာဖြေကြားပေးနိုင်ရန် ထိုသို့ကွင်းဆင်းလေ့လာတွေ့ဆုံခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကွင်းဆင်းလေ့လာတွေ့ဆုံနေစဉ်အတွင်း ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ထမ်းများအား လုပ်ငန်းအမျိုးအစားတစ်ခုချင်းစီအတွက် ထားရှိရမည့်စာရင်းအမျိုးအစားများနှင့် လိုက်နာဆောင်ရွက်ရမည့် အချက်အလက်များကို ပိုမိုသိရှိနားလည်စေရန် ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးမည်ဖြစ်ပါသည်။ ထို့အပြင် အခွန်ထမ်းကိုယ်တိုင်က အခွန်စည်းကြပ်မှုနှင့် ပတ်သက်၍သော်လည်းကောင်း၊ ဥပဒေများ၊ အခွန်နှုန်းများနှင့်ပတ်သက်၍သော်လည်းကောင်း သိရှိနားလည်လို၍ ပြည်တွင်းအခွန်များဦးစီးဌာနသို့ ဆက်သွယ်တောင်းဆိုလျှင် ဌာနမှတာဝန်ရှိသူကတွေ့ဆုံရှင်းလင်းခြင်းကို ဆောင်ရွက်ပေးနိုင်ပါသည်။ အဆိုပါကိစ္စရပ်များတွင် ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ထမ်းများကိုဆက်သွယ်၍ သင့်လျော်သောအချိန်တွင် တွေ့ဆုံနိုင်ရန် စီစဉ်သွားမည်ဖြစ်ပါသည်။

(ခ) **စီးပွားရေးလုပ်ငန်းပမာဏနှင့် အခွန်ပေးဆောင်မှုအခြေအနေကို သုံးသပ်လေ့လာရန် ကွင်းဆင်းစစ်ဆေးခြင်း။** အခွန်စည်းကြပ်ရာတွင် လက်ရှိစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်အခြေခံ၍ အခွန်ထမ်း၏မြေပြင်ပကတိအခြေအနေကို ကောင်းစွာနားလည်သဘောပေါက်ရန် အရေးပါသကဲ့သို့ မြေပြင်အခြေအနေနှင့်လျော်ကန်ကိုက်ညီသည့် ယခုထက်ပိုမိုကောင်းမွန်သော အခွန်မူဝါဒ၊ လုပ်ထုံးလုပ်နည်းများချမှတ်နိုင်ရန်နှင့် အခွန်စီမံခန့်ခွဲမှု၊ စည်းကြပ်မှုများဆောင်ရွက်ရာတွင်ရင်ဆိုင်ကြုံတွေ့ရသည့် အခြေအနေမှန်များကို သိရှိပြုပြင်ပေးနိုင်ရေးအတွက်လည်းကောင်း၊ လုပ်ငန်းအမျိုးအစားအလိုက် ပကတိအခြေအနေမှန်ကိုသိရှိနိုင်ရေးအတွက် ကွင်းဆင်းစိစစ်သုံးသပ်မှုများ စဉ်ဆက်မပြတ်ဆောင်ရွက်သင့်ပါသည်။ ထိုသို့ ပကတိအခြေအနေကို သိရှိနိုင်ရန်

စီးပွားရေးအမျိုးအစားအလိုက် ဖွဲ့စည်းထားသောအဖွဲ့အစည်းများ သို့မဟုတ် တွေ့ဆုံရန် လိုအပ်သည့် အခွန်ထမ်းများနှင့် တွေ့ဆုံကြရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အခွန်ဌာနမှ အခွန်ထမ်းများနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် စီစဉ်သွားမည်ဖြစ်ပြီး ထိုသို့တွေ့ဆုံခြင်းကို အခွန်ထမ်းများ၏ လုပ်ငန်းလုပ်ကိုင်ရာ ရုံးနေရာများ သို့မဟုတ် ပြည်တွင်းအခွန်များ ဦးစီးဌာနရုံးများတွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(ဂ) **ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်စာရင်းစစ်ဆေးခြင်း(သို့) စုံစမ်းစစ်ဆေးခြင်း။** ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်စာရင်းစစ်ဆေးခြင်းသည် အခွန်ထမ်းအနေဖြင့် ဝင်ငွေနှစ်အတွင်း ဆောင်ရွက်ခဲ့သောလုပ်ငန်းများအပေါ်တွင် မှန်ကန်သော အခွန်ပမာဏကို ပေးဆောင်ထားခြင်း ရှိ/ မရှိနှင့် အခွန်ဥပဒေများကို လိုက်နာခြင်း ရှိ/ မရှိ စိစစ်ခြင်းနှင့် အခွန်ထမ်း၏ ဘဏ္ဍာရေးရှင်းတမ်းများကို စစ်ဆေးခြင်းနှင့် ဥပဒေအရ ရှင်းလင်းအောင်ပြုရမည့်အပိုင်းများအားစိစစ်၍ ရှင်းလင်းအသိပေးရန်ဖြစ်ပါသည်။ ထိုသို့စစ်ဆေးရာတွင် အခွန်ကြေညာလွှာများအရ ခေါင်းစဉ်အမျိုးအစားတစ်ခုအပေါ် ရွေးချယ်စစ်ဆေးခြင်း (Specific Audit) ဖြစ်နိုင်သကဲ့သို့ အခွန်ထမ်းတစ်ဦးချင်းဆိုင်ရာ စာရင်းများကို အပြည့်အစုံစစ်ဆေးခြင်း (Comprehensive Audit) မျိုးလည်း ဖြစ်နိုင်ပါသည်။ အခွန်အရာရှိသည် အခွန်စာရင်းစစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ မည်သို့ဆောင်ရွက်သွားမည်ကို အခွန်ထမ်းများနှင့် ကနဦးတွေ့ဆုံဆွေးနွေးခြင်းများ ဆောင်ရွက်သွားပါမည်။ ပြည်တွင်းအခွန်များဦးစီးဌာနသည် အခွန်ထမ်းထံ စာရင်းစစ်ဆေးရန် လာရောက်မည်ဖြစ်ကြောင်း အသိပေးစာပေးပို့၍ ကြိုတင်အကြောင်းကြားသွားမည် ဖြစ်ပါသည်။ သို့သော် တစ်ခါတစ်ရံတွင် ကြိုတင်အသိပေးခြင်းမပြုဘဲ အလျဉ်းသင့်သလိုရောင်တခင် ဝင်ရောက်စစ်ဆေးခြင်းများလည်း ရှိနိုင်ပါသည်။ ယင်းကဲ့သို့သော အခြေအနေတွင် အခွန်ထမ်းသည် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေ ပုဒ်မ ၂၅၊ ၂၆ အရ တာဝန်ခံအရာရှိများအား မိမိ၏လုပ်ငန်းဥပစာသို့ဝင်ခွင့်ပြုပေးရမည်ဖြစ်ပြီးလုပ်ငန်းမှတ်တမ်းနှင့်စာရင်းဇယားများကို ကြည့်ရှုစစ်ဆေးခွင့်ပြုရမည်။

(ဃ) **သင့်လျော်မှန်ကန်သော အခွန်ကြေညာလွှာများတင်သွင်းစေရန်နှင့် ကျသင့်အခွန်များကို မှန်ကန်စွာပေးသွင်းစေရန် တွေ့ဆုံခြင်း။** အခွန်ထမ်းများအနေဖြင့် အခွန်ကြေညာလွှာများကို သတ်မှတ်အချိန်တွင် အချိန်မီတင်သွင်းရန်နှင့် ကျသင့်အခွန်များကို သတ်မှတ်ရက်တွင် ပေးဆောင်ရန် ပျက်ကွက်မှုများရှိကောင်းရှိလာနိုင်ပါသည်။ ယင်းကဲ့သို့သော အခြေအနေများတွင် အခွန်ဌာနမှအခွန်ထမ်းများအား အခွန်ကြေညာလွှာများ တင်သွင်းခြင်းနှင့် အခွန်ပေးဆောင်ခြင်းတို့ကို အချိန်မီပြုလုပ်နိုင်ရန် အသိပေးစာများ ပေးပို့နှိုးဆော်သွားမည် ဖြစ်ပါသည်။ အကယ်၍ အခွန်ထမ်းသည် အခွန်ဌာနမှ ယင်းသို့အသိပေးနှိုးဆော်ထားသည့်တိုင် ကြေညာလွှာတင်သွင်းရန်နှင့် အခွန်ပေးဆောင်ရန် ဆက်လက်ပျက်ကွက်ပါလျှင် အခွန်ဌာနမှ အခွန်ထမ်းဆီသို့ ကွင်းဆင်းလေ့လာတွေ့ဆုံ၍ ကြေညာ

လွှာတင်သွင်းနိုင်ရန်နှင့် အခွန်ပေးဆောင်နိုင်ရန် တိုက်တွန်းအကြောင်းကြားသွားမည် ဖြစ်ပါသည်။

(င) **စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ခြင်း၊ အခွန်ပေးဆောင်ရမည့်ရက် တိုးမြှင့်ခြင်းနှင့် အခွန်အရကောက်ခံမှု ဖွင့်လှစ်ခြင်းကိစ္စရပ်များတွင် ကွင်းဆင်းစစ်ဆေးရခြင်း။** အခွန်ထမ်းအနေဖြင့် အခွန်ဌာန၏စည်းကြပ်မှု သို့မဟုတ် အခြားဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ကျေနပ်မှုမရှိသည့်အခါတွင် စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန် ပြည်တွင်းအခွန်များဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြလျှောက်ထားနိုင်သည်ဖြစ်ရာ ညွှန်ကြားရေးမှူးချုပ်မှ အငြင်းပွားမှုရှိသော အခွန်ပမာဏအား အာမခံတင်သွင်းရန် တောင်းဆိုသည့် ကိစ္စရပ်တွင်လည်းကောင်း၊ အခွန်ထမ်းအနေဖြင့် အခွန်ပေးဆောင်ရမည့်အချိန်ကို တိုးမြှင့်ပေးပါရန် လျှောက်ထားရာတွင် စိစစ်ခွင့်ပြုနိုင်ရေးနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များတွင်လည်းကောင်း၊ အခွန်ထမ်းအားပျက်ကွက်သူအဖြစ်သတ်မှတ်၍ အခွန်ထမ်းအား အရကောက်ခံမှုဖွင့်လှစ်ဆောင်ရွက်ရာတွင်လည်းကောင်း၊ အာမခံအဖြစ်တင်သွင်းရသည့် အခွန်ထမ်း၏ ပိုင်သေပိုင်ပစ္စည်းများ သို့မဟုတ် အရကောက်ခံမှုဖွင့်လှစ်ခံရသည့် အခွန်ထမ်း၏ပိုင်သေပိုင်ပစ္စည်းများ၏ မြေပြင်အနေအထားတည်ရှိမှုအခြေအနေများအား မျက်မြင်တွေ့ရှိနိုင်ရေးအလို့ငှာ အခွန်ဌာနမှ အခွန်ထမ်းများထံသို့ ကွင်းဆင်းစစ်ဆေးမှု အတည်ပြုချက်

များ ရယူရန်ဖြစ်ပါသည်။

၇။ ဤစာစောင်နှင့်ပတ်သက်၍ ထပ်မံသိရှိလိုသည့် သတင်းအချက်အလက်များရှိပါက ပြည်တွင်းအခွန်များဦးစီးဌာန၏ သက်ဆိုင်ရာရုံးများ သို့မဟုတ် အောက်ဖော်ပြပါ လိပ်စာနှင့်ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်-

အခွန်ထမ်းဝန်ဆောင်မှုဗဟိုအဖွဲ့ရုံး (ရန်ကုန်)- ၀၁-၈၃၈၉၃၁၁၊၀၁-၈၃၈၉၃၂၂

အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)-၀၆၇- ၃၄၃၀၅၂၂၊ ၀၆၇-၃၄၃၀၅၃၃

အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်)- ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂

အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး ( မန္တလေး)- ၀၂- ၄၀၃၀၁၉၂